EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၉)၊ မေ ၂ ရက်၊ ၂၀၁၇

## YBS မအောင်မြင်စေချင်သည့် နိုင်ငံရေးပယောဂများရှိဟု တိုင်းဒေသကြီးအစိုးရ လွှတ်တော်တွင်ပြော

ဧပြီ ၂၇၊ ၂၀၁၇

ရန်ကုန်အများပိုင် ဘတ်စ်ကားလိုင်း (YBS)စနစ် ပြောင်းလဲမှုများနှင့်ပတ်သက်၍ မအောင်မြင်စေချင်သည့် နိုင်ငံရေးပယောဂများ၊ နှောင့်ယှက်မှုများရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လွှတ်တော်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်နေ့က YBS အများပိုင် ယာဉ်လိုင်းနှင့်ပတ်သက်၍ လွှတ်တော်တွင် ကိုယ်စားလှယ် ၂၆ ဦးထိ စံချိန်တင် ဆွေးနွေးခဲ့ပြီးနောက် ဒေါ်နီလာကျော်က ၂၇ ရက်နေ့ လွှတ်တော်တွင် လာရောက်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

YBS အများပိုင်ယာဉ်လိုင်း ပြောင်းလဲမှုအခက်အခဲများတွင် ရိုးရိုးသားသား အခက်အခဲများရှိသကဲ့သို့ YBS စနစ် မအောင်မြင်စေချင်သည့် ပယောဂများနှင့် ဖန်တီးနေသော ကိစ္စရပ်များကိုလည်း အစိုးရအဖွဲ့မှ ရင်ဆိုင်ဖြေရှင်းနေရကြောင်း ဒေါ်နီလာကျော်က ပြောဆိုသည်။

နှောင့်ယှက်မှု ပယောဂများတွင် နိုင်ငံရေးပယောဂများ ပါဝင်သကဲ့သို့ ယခင်မထသစနစ်ဟောင်းက ကိုယ်ရကိုယ်ယူစနစ်နှင့် တာဝန်ယူမှု တာဝန်ခံမှုမရှိဘဲ ဒရိုင်ဘာ၊ စပယ်ယာများကို ပုတ်ပြတ်ပေးပြီး လုပ် ကိုင်ခဲ့သည့်သူများကလည်း YBS စနစ် မအောင်မြင်စေချင်သည့်သူများဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့ပြင် YBS စနစ်ပြောင်းလဲမှု အောင်မြင်



ခြင်းမရှိဟု ဝေဖန်ပြောဆိုမှုများကိုလည်း ဝန်ကြီးက ကာကွယ်ပြောကြားခဲ့ပြီး YBS စနစ်မအောင်မြင်ဟု ပြောဆိုမှုများကို လက်မခံနိုင်ကြောင်း "ပြည်သူစိတ်ပျက် YBS" ဟူသည့် နိမိတ်ပြစကားလုံးကဲ့သို့ ရည်ရွယ်ချက်ဆန့်ကျင်ဘက် ရောက်သွားသည့် စကားလုံးမျိုးကို အစိုးရအဖွဲ့က လက်မခံနိုင်ကြောင်း ၎င်းက လွှတ်တော်တွင် ပြောဆိုသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က တစ်နစ်တာ စီမံချက်နဲ့ ဆောင်ရွက်နေတာ အခုက သုံးလပဲရှိပါသေးတယ်။ အဲဒီလို ဆောင်ရွက်ဆဲကာလမှာ ဒီလိုမျိုး ဆုံးဖြတ်ချက်စောတဲ့ စကားလုံးမျိုးတွေကို မသုံးစေချင်ပါဘူး။ ကျွန်မတို့အနေနဲ့ ကျန်တဲ့ဥပဒေနဲ့ ညီညွတ်တာကိုပဲ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ဆွေးနွေးနိုင်ပါတယ်"ဟု ဒေါ်နီလာကျော်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်နေ့က ကျင်းပပြုလုပ်သည့် လွှတ် တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက YBS စနစ်၏ ဆောင်ပုဒ်သည် "ပြည်သူ့အတွက် YBS" မဟုတ်တော့ဘဲ "ပြည်သူစိတ်ပျက်YBS" ဖြစ်သွားပြီဖြစ်ကြောင်း ဝေဖန်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဒေါ်နီလာကျော်က YBS စနစ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် ယာဉ်အစီးရေ တိုးချဲ့သွားမည့် အစီအစဉ်များ၊ ဥပဒေရေးဆွဲနေမှုများ၊ စည်းကမ်းမဲ့ယာဉ်များ အရေးယူဆောင်ရွက်မှု အခြေအနေများ၊ ကားအသစ်များ ထပ်မံထည့်သွင်းသွားမည့် အခြေအနေများ စသည်တို့ကို လွှတ်တော်တွင် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ အစိုးရအဖွဲ့၏ ရှင်းလင်းချက်များ ဖြစ်ပွားစေခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုကောင်းမွန်စေရေး အဆိုကိုတင်သွင်းခဲ့သူ အင်းစိန်မြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က ယခုလိုပြောကြားခဲ့သည်။

"အဆိုတွေ မေးခွန်းတွေနဲ့ မေးနေတာက အစိုးရကို တိုက်ခိုက်နေတာ မဟုတ်ပါဘူး။ အစိုးရရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို လွဲနေရင်တည့်အောင် ယိုင်နေရင် မတ်သွားအောင်အပြန်အလှန် ထိန်းကျောင်းနေတဲ့ စနစ်နဲ့ လုပ်ဆောင်နေတာပါ"ဟု ဦးဝေဖြိုးဟန်က ပြောဆိုသည်။

*(ကိုးကား- http://thevoicemyanmar.com/ မှ ကောက်နုတ်တင်ပြသည်)*

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ


ဧပြီ ၂၇၊ ၂၀၁၇

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ဧပြီလ ၂၅ ရက်နေ့ ပြန်လည်စတင်ကျင်းပခဲ့သည်။

ဧပြီလ ၂၅ ရက်နေ့အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား အတည်ပြုပေးနိုင်ရန် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ တင်သွင်းခဲ့သည်။ ဆက်လက်၍ အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းနှင့် ဒေသန္တရစီမံကိန်းဥပဒေနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

သတ္တမနေ့အစည်းအဝေးတွင် ကိုယ်စားလှယ် ၆ ဦး၏ ဆွေးနွေးချက်များပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ဧပြီ ၂၈ ရက်နေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေ စာရင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် ပတ်သက်သည့် သုံးသပ်အစီရင်ခံစာအား တင်သွင်းခဲ့ပါသည်။ ထို့နောက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဒေသန္တရစီမံကိန်းဥပဒေကို အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

*(ကိုးကား - Bago Region Hluttaw Page မှ ကောက်နုတ်တင်ပြသည်)*




## သတင်းဓာတ်ပုံ

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် နောင်မွန်း မဲဆန္ဒနယ်(၁)ကိုယ်စားလှယ် ဦးချန်ထန်ခင်က မိမိ၏တစ်နှစ်တာ ဆောင်ရွက်ချက်များကို တင်သွင်းခဲ့သော အဆိုများ၊ မေးခွန်းများနှင့် လွှတ်တော်ပြင်ပလုပ်ဆောင် ချက်များဟူ၍ ပိုင်းခြားကာ မဲဆန္ဒရှင်ပြည်သူများသိရှိနိုင်ရန် လက်ကမ်းစာစောင်များဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ ဦးချန်ထန်ခင်သည် အဆို(၂)ခုနှင့် မေးခွန်း(၁၂)ခုတို့ကို တင်သွင်းခဲ့သည်။

*(ကိုးကား - Chang Dang Hken Facebook Page)*

# သတင်းတို

■ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၇) ကို မေလ ၃ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

■ မွန်ပြည်နယ်လွှတ်တော်၏ တိုင်ကြားစာနှင့်အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီမှ "မော်လမြိုင်မြို့၊ မင်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ပုသည် သမဝါယမ အသင်း ချေးငွေကိစ္စအား မတရားတိုင်ကြား စစ်ဆေးနေခြင်းနှင့် ဌာနဆိုင်ရာ စာရွက်စာတမ်းများအား မရိုးမဖြောင့်သော သဘောဖြင့် ဖျောက်ဖျက်ထားသဖြင့် အရေးယူပေးပါရန်" တိုင်ကြားမှု လက်ခံရရှိခဲ့သည်။ ဧပြီလ ၂၁ ရက်နေ့တွင် တိုင်ကြားခံရသူ မင်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ပုအား မွန်ပြည်နယ်လွှတ်တော်သို့ခေါ်ယူပြီး စစ်ဆေးမေးမြန်းခဲ့သည်။

ဆက်လက်၍ ရေးရာကော်မတီဝင် သက်ဆိုင်ရာဌာနမှ တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ အဆိုပါစာရွက်စာတမ်းများအား ပြန်လည်အပ်နှံသင့်ကြောင်း ပြောရာ တိုင်ကြားခံရသူ ဦးစိန်ပုက အဆိုပါ သမဝါယမချေးငွေ စာရွက်စာတမ်းများအားလုံး ယခု မိမိနှင့်အတူပါလာကြောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနသို့ သွားရောက်ပေးအပ်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

*(ကိုးကား- မွန်ပြည်နယ်လွှတ်တော် တိုင်ကြားစာနှင့်အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ)*

| ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ် | စုစည်းတင်ပြသူ ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း | ဆက်သွယ်ရန် ၀၉-၂၆၀၀၀၇၅၁၉ |
|---|---|---|

www.emref.org    www.facebook.com/emrmyanmar

# မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



ဧပြီ ၂၇ ၊ ၂၀၁၇

ဧပြီလ ၂၇ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်ရုံးဆွေးနွေးပွဲခန်းမ၌ ကျင်းပပြုလုပ်သော မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့်မြန်မာနိုင်ငံမျက်မမြင်များအသင်း အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီအဖွဲ့ဝင်များနှင့်လွှတ်တော်ရုံးအဖွဲ့များမှ တက်ရောက်ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်အတွင်းရှိ အမြင်အာရုံချို့တဲ့သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မျက်မမြင်စာရင်းများ ကောက်ခံစုဆောင်းခြင်း၊ ၎င်းတို့၏မိဘများအား အမြင်ဖွင့်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ မျက်မမြင်များအား သင်တန်းပေးခြင်း၊ မသန်စွမ်းသူများဆိုင်ရာ သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊ အသိပညာပေး အမြင်ဖွင့်သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်မသန်စွမ်းအဖွဲ့အစည်းများ၊ အခြားအရပ်ဖက်လူမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြ ဆွေးနွေးခဲ့ကြောင်းသိရသည်။

*(ကိုးကား - http://www.monhluttaw.com မှ ကောက်နုတ်တင်ပြသည်။)*

---

# ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များအတွက် လွှတ်တော်တွင် ဦးစားပေး တင်ပြမည်ဟု SNLD မှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ပြောကြား

ဧပြီ ၁၉ ၊ ၂၀၁၇

ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များအတွက် လွှတ်တော်တွင် ဦးစားပေး တင်ပြမည်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

မိုင်းရှူးနှင့် ကျေးသီးမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှု အဆင့်အတန်း မြင့်မားစေရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါမြို့နယ်များမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

ပြည်နယ်တိုးတက်ဖွံ့ဖြိုးဖို့အတွက် လက်တွဲ၍ရသည့် ပါတီများ၊ အစိုးရအဖွဲ့များ အားလုံးနှင့်ပူးပေါင်း၍ လုပ်ဆောင်သွားမည် ဖြစ်သလို လမ်းကြောင်း မမှန်သည်များအား ထောက်ပြခြင်း၊ ဝေဖန်ခြင်းများ ပြုလုပ်၍ မဲဆန္ဒရှင် ပြည်သူများ၏အသံကို လွှတ်တော်ထဲရောက်အောင် ပို့မည်ဖြစ်ကြောင်း ကျေးသီးမဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းစံမိုင်းက ပြောကြားသည်။

မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းက "ကျွန်မတို့ဆီမှာ အဓိကလိုအပ်နေတာက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး။ ဒါတွေက အဘက်ဘက်က နိမ့်ကျနေပါတယ်။ ဆက်သွယ်ရေးလည်း ခက်ခဲနေတုန်းပဲ။ နောက်အလုပ်အကိုင်တွေ ဖန်တီးပေးဖို့ လိုမယ်။ ဒီအတွက် ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်သွားပါမယ်။ လက်ရှိပြည်နယ်လွှတ်တော်မှာဆိုရင်တော့ ပါတီအနေနဲ့ လွှတ်တော်ထဲမှာ ပိုပြီးတော့ အားကောင်းသွားမှာပါ။ ပြည်သူ့အတွက် အရေးကြီးအဆိုတွေ တင်သွင်းတဲ့အခါမှာ ထောက်ခံမှုတွေ ရရှိဖို့အတွက် အများကြီး အထောက်အကူပြုသွားနိုင်မယ်လို့ ထင်တယ်။ တစ်ဦးတစ်ယောက်တည်းနဲ့ လုပ်လို့မရတဲ့ကိစ္စတွေကို အားလုံးပူးပေါင်းပြီး ဖြေရှင်းဖို့ စဉ်းစားထားပါတယ်"ဟု ပြောကြားသည်။

*(ကိုးကား- http://www.news-eleven.com မှ ကောက်နုတ်တင်ပြသည်။)*